**အိန္ဒိယသံရုံး ၊ ရန်ကုန်မြို့**
**သတင်းထုတ်ပြန်ချက်**

## ကင်ဆာကုသသောစက် Bhabhatron II အားရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Abhay Thakur သည် အဆင့်မြင့် telecobalt ကင်ဆာကုထုံးစက် Bhabhatron II နှင့် Digital Radiotherapy Simulator အား မြန်မာနိုင်ငံရှိ ပြည်သူများ အသုံးပြုနိုင်ရန်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံ ကြီးသို့ ယနေ့လွှဲပြောင်းပေးအပ်ခဲ့ပြီး ထိုအခမ်းအနားသို့ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

Bhabhatron II သည် အထူးကုသရန်လိုအပ်နေသော ကင်ဆာဝေဒနာရှင်များအား ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းအတွက် နောက်ဆုံးပေါ်နှင့် အထိရောက်ဆုံးနည်းပညာဖြစ်သည်။ ဤစက်၏ ဘက်စုံအသုံးပြုနိုင်မှုသည် ခန္ဓာကိုယ်၏ အစိတ်အပိုင်းအသီးသီးတွင် ကင်ဆာရောဂါကိုကုသနိုင်စေပြီး အိန္ဒိယနိုင်ငံနှင့် နိုင်ငံတကာရှိ ကင်ဆာဌာန အသီးသီးမှ ထိရောက်သော ကုသမှုပုံစံအဖြစ် ကျယ်ပြန့်စွာ လက်ခံထားပါသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံတွင် ဤကဲ့သို့အရေးကြီးသော ထောက်ပံ့ကူညီမှု စီမံကိန်း ပြီးမြောက်ခြင်းသည် မြန်မာနိုင်ငံ တစ်ဝှမ်းရှိ ပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုဘဝကျန်းမာပျော်ရွှင်ခြင်းတို့ ပိုမိုတိုးတက်လာစေရန် အိန္ဒိယနိုင်ငံ၏ ကတိကဝတ်ကို ထင်ဟပ်စေပါသည်။

ဤစီမံကိန်းသည် အိန္ဒိယ၏ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပြီး အိန္ဒိယနိုင်ငံသည် ကျွန်ုပ်တို့၏ မိတ်ဆွေအိမ်နီးချင်းနိုင်ငံများအတွက် စီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းစီမံကိန်းများမှတစ်ဆင့် မြန်မာနိုင်ငံရှိ ပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ရန်ကုန်သာမက မန္တလေး၊ မုံရွာ၊ စစ်တွေနှင့် နေပြည်တော်တို့ တွင်ရှိသော ဆေးရုံများအား ဆေးဘက်ဆိုင်ရာ ကိရိယာများ ထောက်ပံ့ပေးပြီး ကျန်းမာရေးဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေး အကူအညီများကို တိုးမြှင့်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် ကျွန်ုပ်တို့၏ ရင်းနှီးခိုင်မာသော ဆက်ဆံရေးကို အိန္ဒိယ၏ အရှေ့နှင့်ထိတွေ့ဆက်ဆံရေး မူဝါဒနှင့် အိမ်နီးနားချင်း ပထမမူဝါဒတို့ပေါ်တွင် အခြေခံထားပါသည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ နိုင်ငံသားတိုင်း ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းမှုတို့ကို ရရှိနိုင်စေရန် သေချာစေမည့် ခိုင်မာသော လူမှုစီးပွားအခြေခံအဆောက်အအုံ တည်ဆောက်ရန် ကြိုးပမ်းရာတွင် မြန်မာနိုင်ငံအား ပံ့ပိုးကူညီရန် ကတိပြုထားပါသည်။

၂၀၂၄ ခုနှစ် ၊ ဇူလိုင်လ (၁၈) ရက်